# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၄၆)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၁၀-၈-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများ ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် အရည်အချင်းရှိသော ပညာတတ်များ ပေါ်ထွန်းလာရေး စဉ်ဆက်မပြတ်အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို သင်ယူပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်သည့် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာစေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်ရာ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသား၊ သမီး ကျောင်းသား၊ ကျောင်းသူ ၁၅၇၂၅ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့ခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် လေးဦး၊ (၅)ဘာသာဂုဏ်ထူးရှင် ငါးဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၆၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၆၁ ဦးကို ဂုဏ်ပြုလွှာနှင့် ဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သတင်းစဉ်

၀-၀-၀-၀-၀

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ တနင်္ဂနွေနေ့။
မန္တလေး နေ့စဉ်

## မမေ့မလျော့ရှိနေခြင်းသည် ထူးခြားသည့်ဂုဏ်ဖြစ်

မေ့လျော့တတ်သူသည် မိမိ၏အကျိုး တိုးတက်မှုနှောင့်နှေးကြန့်ကြာခြင်း၊ အကျိုးယုတ်လျော့ခြင်းတို့အပြင် အခြားသောဆုံးရှုံးမှုများ နစ်နာမှုများလည်းဖြစ်လာနိုင်သည်။ လောကတွင် အာရုံကြောရောဂါဝေဒနာဆိုင်ရာမှလွဲ၍ မိမိ၏ စိတ်အကျင့်များကြောင့် မေ့လျော့ခြင်းမဖြစ်ရလေအောင် လေ့ကျင့်ပြုပြင်သင့်သည်။ မေ့လျော့သူတစ်ယောက်သည် လူမှုရေး၊ စီးပွားရေးစသည့် လောကီအရေးတို့အပြင် လောကုတ္တရာအရေးတွင်ပါ အကျိုးဖြစ်ထွန်းမှုယုတ်လျော့စေနိုင်သည်။

မေ့လျော့ခြင်းသည် လူသားတို့၏ ကြီးပွားတိုးတက်ခြင်းအတွက် ရန်သူဟုမှတ်ယူရမည်ဖြစ်သည်။ မေ့လျော့ခြင်းဟုဆိုရာတွင် ပြုပြီးကိစ္စတို့ကိုမေ့ခြင်း၊ ပြုဖွယ်ကိစ္စတို့ကိုမေ့ခြင်းက ပညာနှင့်စီးပွားရှာသူတို့အတွက် အကျိုးယုတ်စေသည်။ အထူးသဖြင့် စာသင်ရမည့်အရွယ် ကျောင်းသားကျောင်းသူတို့အတွက် ပြုပြီးကိစ္စမေ့လျော့ခြင်းတွင် ၎င်းတို့ကျက်မှတ်ထားသော စာပေများမေ့လျော့ခြင်း၊ လေ့ကျင့်ထားသောသင်ခန်းစာများမေ့လျော့ခြင်းတို့ဖြစ်နိုင်သည်။ ပြုဖွယ်ကိစ္စတို့ကို မေ့လျော့ခြင်းတွင် အိမ်စာများပြုလုပ်ရမည်ကိုမေ့ခြင်း၊ စာကျက်ရမည်ကိုမေ့ခြင်း၊ ကျောင်းသွားရာတွင် စာအုပ်၊ခဲတံအစရှိသည်တို့ မေ့လျော့ခြင်းတို့ဖြစ်နိုင်သည်။

ထိုကဲ့သို့ မေ့လျော့ခြင်းမှန်သမျှသည် ထူးချွန်ထက်မြက်ခြင်းအတွက် အတားအဆီးဖြစ်နေသည်ကို ကျောင်းသားတိုင်း သတိပြုဖွယ်ဖြစ်သည်။ မေ့လျော့ခြင်းသည် အဘယ်အကြောင်းကြောင့်ဖြစ်ရသနည်းဟု တွေးကြည့်ပါက ပေါ့လျော့စွာသဘောထားခြင်း၊ အာရုံစူးစိုက်မှုမရှိခြင်း၊ အလေးအနက်မထားခြင်း၊ စိတ်ပျံ့လွင့်နေခြင်းတို့ကြောင့်ဖြစ်နိုင်သည်ကို မှတ်ချက်ပြုလိုသည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက စာသင်သားတို့ထူးချွန်ထက်မြက်စေရေး သတိပေးဆုံးမရေးခဲ့ရာတွင် မမေ့မလျော့ရန် နည်းလမ်းကောင်းများပါဝင်နေသည်။ "သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်သွင် နေ့တိုင်းဆင်လော့" ဟု ဆုံးမခဲ့သည်။ ထိုဆုံးမခဲ့သော ရှစ်လုံးတွင် စိ၊ ဘာ၊ ဝိ၊ သိ၊ ဓာ အက္ခရာငါးလုံးသည် မမေ့မလျော့စေရေးအတွက် များစွာအထောက်အကူပြုနေသည်။ စိန္တေယျ-ကြံရာ၏၊ ဘယသေယျ-ပြောဆိုရာ၏၊ ဝိစာရေယျ-စူးစမ်းဆင်ခြင်ရာ၏၊ သိက္ခေယျ-လေ့ကျင့်ရာ၏၊ ဓာရေယျ-နှုတ်တတ်ဆောင်ရာ၏ ဟူသောအချက်တို့ပင်ဖြစ်သည်။ ထိုအချက်များကို လိုက်နာကျင့်သုံးပါက မေ့လျော့ခြင်းကင်း၍ မှတ်ဉာဏ်ကောင်းလာမည်ဖြစ်သည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် မေ့လျော့ခြင်းက အကျိုးယုတ်စေပြီး ဆုံးရှုံးနစ်နာမှုများနှင့်ကြုံတွေ့ရနိုင်သည်။ "လယ်ထွန်သွား နွားမေ့" ဟူသောစကားပုံဖြင့် သတိပေးထားခဲ့ထားသည်ကို လူတိုင်းသိမည်ဖြစ်သည်။ သတိပြုရမည့်အချက်မှာ လူတိုင်းပြုဖွယ်ကိစ္စက များလွန်းလျှင် တစ်ခုခုမေ့ကျန်ရစ်တတ်သည်။ ထိုသို့မမေ့လျော့စေရန် လုပ်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အစီအစဉ်များကို အာရုံစူးစိုက် ဆင်ခြင်စဉ်းစားပြုမှုသင့်သည်။ သို့မှသာ မေ့လျော့ခြင်းကင်းမည်ဖြစ်သည်။ မမေ့မလျော့ခြင်းသည်လည်း ထူးခြားသောအပြုအမူတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းမေ့လျော့ခြင်းက အကျိုးယုတ်စေမည်ဖြစ်ရာ အထူးဂရုပြုနေထိုင်ရမည်ဖြစ်သည်။ မိမိလုပ်ငန်းဆောင်တာများတွင်လည်းကောင်း၊ အဖြစ်အပျက်အကြောင်းအရာများတွင်လည်းကောင်း မမေ့မလျော့ရှိနေခြင်းသည် ထူးခြားသည့်ဂုဏ်၊ ထူးခြားသည့်အပြုအမူဖြစ်ပြီး မမေ့မလျော့ဘဲ မှတ်မိသတိရသူများကို အလေးထားချီးမြှောက်တတ်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဩဂုတ် ၁၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉ လမ်း၊ နန်းရှေ့ဘောလုံးကွင်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉ လမ်းနှင့် လမ်း၆၀ကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ၆၇လမ်း၊ ညောင်ပင်စောက်ကျေးရွာဘောလုံးကွင်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ (ဃ-၅)မြို့သစ်(၅)ရပ်ကွက်၊ ၆၉ လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်တောင်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## အ.ထ.က ပုသိမ်ကြီး၌ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်




**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးအနေဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့" ပန်းခင်း(၃)စီမံချက်အနေဖြင့် ယနေ့နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို အ.ထ.က ပုသိမ်ကြီး၌ ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေး လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်တိကျမှုရှိစေရန် ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်နှင့် ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူ ၁၅၂ ဦးအား ပန်းခင်း(၃)စီမံချက်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ပေးအပ်ရာ ကျောင်းအုပ်ကြီးက ကျောင်းသားကျောင်းသူများကိုယ်စား လက်ခံရယူခဲ့သည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအား e-IDစနစ်ဖြင့် Biographic ၊ Biometric များကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၅)

၀-၀-၀-၀-၀

၀-၀-၀-၀

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

### သင့်သွေးဖြင့် အသက်ကယ်ပါ။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့၊ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနန္ဒ ဩဂုတ် ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ် ရေးထိုးခဲ့ကြသည်။

ဩဂုတ် ၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom ၊ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma ၊ အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Muhammad Arif Hidayatullah ၊ ပါကစ္စတန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Anwar Zeb ၊ ကာတာနိုင်ငံ သံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL-Kuwari ၊ ဘရူနိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Aizul Aziz ၊ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Abdullah A. Al-Hoshan တို့က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ် ရေးထိုးခဲ့ကြသည်။ ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mrs. Ponnamperuma Arachchige Prabashini Ponnamperuma လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Muhammad Arif Hidayatullah လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ဘရူနိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Aizul Aziz လက်မှတ်ရေးထိုးစဉ်။

## လယ်ဝေးမြို့နယ်အတွင်း ကုန်ထုတ်လမ်းများကောင်းမွန်ရေးနှင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေး

လယ်ဝေး ဩဂုတ် ၉

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဩဂုတ် ၇ ရက်က တာဝန်ရှိသူများနှင့်အတူ ရာဇသင်္ဂဟလမ်းဘေး လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာနှင့် မှန်တောကျေးရွာများရှိ ကုန်ထုတ်လမ်းနှင့် ရေနုတ်မြောင်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ရာဇသင်္ဂဟလမ်းဘေး ကူသပိတ်ကျေးရွာအနီးရှိ ကွင်းအမှတ် (၁၈၀၆)၊ ကုန်ထုတ်လမ်း ပျက်စီးနေမှုအား ပြုပြင်ရန်နှင့် ရေနုတ်မြောင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနများက ပြုပြင်ဆောင်ရွက်ပေးမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မှန်တောကျေးရွာ ကွင်းအမှတ် (၁၈၁၁)အား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။ ထို့နောက် ကြို့ပင်ကျေးရွာ ကွင်းအမှတ် (၁၈၁၀)တွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရယူသုံးစွဲမည့် တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သီဟက ဆိုလာဖြင့် စက်ရေတွင်းနှစ်တွင်း ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၅-၂၀၂၆ တွင် ဆောင်ရွက်မည့် ဆိုလာဖြင့် ရေရရှိရေးအစီအမံများ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ (Solar System) စက်ရေတွင်းဖြင့် စိုက်ပျိုးရေသုံးစွဲနိုင်မည့် အခြေအနေနှင့်ပတ်သက်၍ နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်က ရေတင်လုပ်ငန်းနှင့် စက်ရေတွင်းများ၏ စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် စက်ရေတွင်း တစ်တွင်းလျှင် တစ်နာရီ ရေဂါလန် ၁၂၀၀၀ ထွက်ရှိပြီး တောင်သူ ၁၀ ဦး၏ အကျိုးပြုစိုက်ပျိုးဧက ၂၅ ဧကနှင့် တွင်း (၂)တွင် တောင်သူ ရှစ်ဦး၏ စိုက်ပျိုးမြေ ၂၂ ဒသမ ၆၀ ဧက စိုက်ပျိုးရေရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများက လိုအပ်ချက်များ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ မန္တလေးမြို့ပေါ် (၇)မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် မန္တလေးမြို့ပေါ် (၇)မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာ အတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)၏ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက်

စာမျက်နှာ ၅ သို့ ❖















❖ စာမျက်နှာ ၄ မှ

ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းရခြင်းအကြောင်းရင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဝါတွင်းကာလ ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းကိစ္စအဆင်ပြေစေရန် ရည်ရွယ်၍ ဆွမ်းဆန်တော် ပစ္စယာနုဂ္ဂဟအဖြစ် လှူဒါန်းရခြင်းအကြောင်း၊ ဆရာတော်များ ပရိယတ္တိ၊ ပဋိပတ္တိများကို စိတ်ချမ်းမြေ့စွာ အားထုတ်သင်ကြားနိုင်ရန်၊ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် သာသနာ့ကိစ္စအဝဝကို လစ်ဟင်းမှုမရှိအောင် ဆရာဒကာလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည့်အကြောင်း စသည်ဖြင့် သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးက သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်းဆန်တော်၊ ဆား၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံသို့ တိုင်းမှူး၏ဇနီးက သင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆား၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး နေ့ဆွမ်းဆက်ကပ်ခဲ့သည်။

ယနေ့ပြုလုပ်သော လှူဒါန်းမှု၌ မန္တလေးမြို့ပေါ်(၇)မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၀၄၀၅ ပါး၊ သီလရှင် ဆရာကြီး၊ ဆရာလေး ၅၃၃၃ ပါး စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန်တော် ၅၇၁၇ ဒသမ ၂၅ အိတ်၊ ဆီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ဆားပိဿာ ၅၀၀၊ ကြက်သွန်နီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၈၈၀၀ ကျော်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



















# ဒုတိယဝန်ကြီး ဦးအေးကျော် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၅၀၀ ကေဗွီ မိတ္ထီလာ (ကံကောင်း) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု၊ ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် Power Gen (ကျောက်ဆည်) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၅၀၀ ကေဗွီ မိတ္ထီလာ (ကံကောင်း) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက စီမံကိန်း တပ်ဆင်စမ်းသပ်ကာလအတွင်း တာဝန်ကျဝန်ထမ်းများအနေဖြင့် ဓာတ်အားပို့လွှတ် ထိန်းချုပ်ကိရိယာများ စနစ်တကျ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင် လေ့လာသင်ကြားသွားရန်၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှု မပြီးသေးမီ ယာယီအစီအစဉ်ဖြင့် နေထိုင်သွားရေးမှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ Switch Yard အတွင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ဓာတ်အားများ လက်ခံနိုင်ရေးပြင်ဆင်**

ယင်းနောက် ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက နောင်တွင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လာပါက လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အစီအမံများ ကြိုတင် ဆောင်ရွက်နိုင်ရေး မှာကြားပြီး Computer Control Room အတွင်း ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ဘဲလင်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်၍ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုနှင့် Switch Bay များ ထပ်မံတိုးချဲ့ တည်ဆောက်သွားနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Power Gen (ကျောက်ဆည်) သဘာဝဓာတ်ငွေ့ အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိ၍ ဒုတိယဝန်ကြီးက သွင်းကုန်လိုင်စင် ထောက်ခံချက်ရရှိရေး အချိန်မီကြိုတင်တင်ပြသွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဓာတ်အားပေးစက်ရုံအတွင်း အင်ဂျင်များမှ ဓာတ်အားထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် Central Control Room အတွင်းမှ သဘာဝ ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက် မောင်းနှင်မှု အချက်အလက်များကို စောင့်ကြည့်ထိန်းချုပ်နေမှု အခြေအနေများနှင့် ဓာတ်အားလိုင်းများသို့ ဓာတ်အားပို့လွှတ်နေမှု အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာစီးပွားရေးဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်




ရန်ကုန် ဩဂုတ် ၉

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင်ရန်ကုန်မြို့ ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) ၌ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စီးပွားရေး မူဝါဒများနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများအတွက် ပို့ကုန်သွင်းကုန် လိုင်စင်များထုတ်ပေးမှုအပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုစေ့စပ်ဆွေးနွေး ညှိနှိုင်းရေး၊ စားသုံးသူကာကွယ်ရေး၊ မူပိုင်ခွင့်များမှတ်ပုံတင်ရေး၊ ကုန်သွယ်မှု ပညာပေးရေး စသည့် လုပ်ငန်းနယ်ပယ်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်သည့်အခါ ဗဟိုဘဏ်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများ မဖြစ်ပေါ်စေရေးအတွက် ပို့ကုန်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အဓိကလိုအပ်သည့် သွင်းကုန် ပစ္စည်းများကိုလည်း ဦးစားပေး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတကာ စီးပွားရေးဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေး လုပ်ငန်းရှင်များ မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စာတမ်းအကောင်းဆုံးဆု ရရှိသူများကို ဆုချီးမြှင့်ပေးအပ်ပြီး(ယာပုံ) ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ယခု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ)အမှတ်စဉ် (၁၁) မှ သင်တန်းသား သင်တန်းသူ ၁၀၈ ဦး အပါအဝင် ယခင်ဖွင့်လှစ်ပြီးဖြစ်သည့် ကုန်သွယ်မှုအခြေခံ သင်တန်းများမှ သင်တန်းသား သင်တန်းသူ ၂၀၂၂ ဦးနှင့် ကုန်သွယ်မှု အဆင့်မြင့်သင်တန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ရက်တိုသင်တန်းမှ သင်တန်းသား သင်တန်းသူ ၈၂၂ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၉၄၁ ဦးကို ကုန်သွယ်မှုကဏ္ဍအတွက် မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းမှ သင်တန်းသားဟောင်းများ၊ သင်တန်းနည်းပြများ၊ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် ဩဂုတ် ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း တို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်း ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၉

ယနေ့ည ၇ နာရီ ၀၀ မိနစ် ၀၇ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မင်းကင်းမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS မှ Jin ကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးသံတမန်အဖြစ် Alo Yoga က ရွေးချယ်ထား

ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး ကမ်ပိန်းအတွက် BTS အဖွဲ့ဝင် Jin(ခေါ်)Kim Seok Jin ကို သံတမန်အဖြစ် Alo Yoga မှ ရွေးချယ်ခဲ့ပြီး ဧပြီလတွင် ဆိုးလ်၊ ဂန်နမ်နှင့် ဒိုဆန် ပန်းခြံအနီး၌ စတင်ဖွင့်လှစ်မည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ပထမဦးဆုံးဖွင့်လှစ်မည့် Dosan Park ရှိ ဂျမ်းယောင် အဆောက်အအုံသည် ၆၀၀၀ စတုရန်းမီတာကျယ်ပြီး အလွှာ ခြောက်လွှာရှိကာ ဖိမ်ခံခြင်းနှင့် ကျန်းမာရေးကို အဓိကထား၍ အတွေ့အကြုံရနိုင်မည့်နေရာ ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုများကို ခံစားစေနိုင်မည့် အပြင် ကိုယ်ရောစိတ်ပါ ကျန်းမာစေရန် ယောဂကျင့်စဉ်နှင့် ကုသရေးနေရာ၊ ပန်းခြံများအပြင် ပြင်ပဒီဇိုင်းများကို သစ်သားအသုံးပြုပြီး အတွင်းပိုင်းတွင် ကုန်ပစ္စည်းများကို ရိုးရှင်းသော ဒီဇိုင်းသာ အသုံးပြုထားကာ Jin ကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးသံတမန်အဖြစ် ရွေးချယ်ထားသည်ဟု Alo Yoga တာဝန်ရှိသူက ပြောကြားထားသည်။ (SKY)

******



## အနည်းငယ်သာပြုပြင်ထားသည့် အစားအစာများကို စားသုံးလျှင် ကိုယ်အလေးချိန် သိသိသာသာ ပိုမိုကျဆင်းနိုင်မည်ဟု ဆို

ဗြိတိန်နိုင်ငံရှိ လန်ဒန်ကောလိပ်တက္ကသိုလ်နှင့် ထိုတက္ကသိုလ်ဆေးရုံမှ သုတေသီများ ဦးဆောင်သော ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုအသစ်တစ်ခုအရ အနည်းငယ်သာပြုပြင်ထားသည့် အစားအစာများကို စားသုံးသူများသည် ပြုပြင်မှု အဆင့်မြင့်မားသော အစားအစာများကို စားသုံးသူများထက် သိသိသာသာ ပိုမိုကိုယ်အလေးချိန်ကျဆင်းခဲ့ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ လေ့လာမှုတွင် အာဟာရဓာတ်ပါဝင်မှု တူညီသည့် အစားအစာအမျိုးအစား နှစ်မျိုးကို ယှဉ်တွဲစမ်းသပ်ခဲ့သော်လည်း အနည်းငယ်သာ ပြုပြင်ထားသည့် အစားအစာများ စားသုံးသောအုပ်စုသည် ကိုယ်အလေးချိန်နှစ်ဆနီးပါး ပိုမိုကျဆင်းခဲ့သည်။

ယင်းရလဒ်များက အစားအစာပြုပြင်မှုအဆင့်ကို လျှော့ချခြင်းသည် ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းရာတွင် ရေရှည်အကျိုးကျေးဇူးများ ပေးနိုင်ကြောင်း အကြံပြုထားသည်။

ထိုသုတေသီများသည် လူကြီး ၅၅ ဦးကို အုပ်စုနှစ်စုခွဲ၍ အစားအစာအမျိုးမျိုးကျွေးပြီး စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Lady Gaga ၏ အဆိုတော်ဘဝအစ ခက်ခဲမှုနှင့် စခဲ့ရ

ကမ္ဘာကျော် အဆိုတော် လေဒီဂါဂါ၏ အဆိုတော်ဘဝအစမှာ ထင်သည်ထက် ပိုခက်ခဲခဲ့ပြီး ရင်နင့်ဖွယ်ဘဝဇာတ်ကြောင်း ရှိခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လေဒီဂါဂါ၏ အနုပညာဂီတဘဝအစတွင် ဒီဇိုင်နာ မငှားနိုင်၍ ဈေးပေါသောဝတ်စုံများကို ဝယ်ကာ ကိုယ်တိုင်ဖန်တီးပြင်ဆင်၍ မိတ်ကပ်နှင့် ဆံပင်ကိုလည်း တတ်သလို ဖန်တီးခဲ့ရသည်။

ဝါသနာကို မစွန့်နိုင်၍ ဘား၊ ရှော့ပင်းမောလ်များတွင် နည်းပါးသောအနုပညာကြေးနှင့် သီဆိုခဲ့ရပြီး Cornelia လမ်း စားသောက်ဆိုင်တွင် စားပွဲထိုးဘဝနှင့် ကျော်ဖြတ်ရင်း ကိုယ်တိုင်မန်နေဂျာလုပ်ကာ အသံတုမျိုးစုံနှင့် ပွဲစီစဉ်သူများကို ချိတ်ဆက်ခဲ့ရသည်။ Lady Gaga က အောင်မြင်မှုရရှိရန် ဉာဏ်၊ ဝီရိယစိုက်ထုတ်ကြိုးစားခဲ့ရသူ ဖြစ်သည်။

(SKY)



## Suga @ Min Yoongi က မသန်စွမ်းကလေးများကို ဂီတတံတား တည်ဆောက်ပေးခဲ့

BTS အဖွဲ့ဝင် Suga(ခေါ်) Min Yoongi သည် မသန်စွမ်းကလေးများဂေဟာတွင် ငွေလှူဒါန်းရုံသာမက ဂီတနှင့်လူသားများကြား တံတားတစ်စင်း တည်ဆောက်ပေးခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆူဂါသည် ၂၀၂၄ ခုနှစ်မှစ၍ ပရော်ဖက်ဆာ ချွမ်နှင့် တွေ့ဆုံဆွေးနွေး၍ မသန်စွမ်းကလေးများနှင့် မတ်လမှ ဖွန်လအထိ အားလပ်ရက်တိုင်း စေတနာ့ဝန်ထမ်းကူညီပေးခဲ့သည်။

အဆိုပါကလေးများကို တူရိယာများ တီးခတ်ခြင်း၊ စည်းချက်ညီရန် ပြသခြင်းဖြင့် ကလေးများ ဖွံ့ဖြိုးတိုးတက်ကြီးထွားလာမှုကို စောင့်ကြည့်ကာ ဂီတကို အသုံးပြု၍ လူတွေကြား တံတားတစ်စင်း တည်ဆောက်ပေးခဲ့ပြီး



လေးနက်သော စဉ်းစားတွေးခေါ်မှု စိတ်ပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်။ (SKY)

*******

## MAA သည်းထိတ်ရင်ဖိုဇာတ်ကား ထွက်ရှိလာ

ဘောလိဝုဒ်ရုပ်ရှင်လောကမှ ၂၀၂၅ ခုနှစ် ဇွန် ၂၇ ရက်တွင် ရုံတင်ပြသခဲ့သည့် MAA မှာ သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်ပြီး မင်းသမီး ကာဂျိုးလ် ပါဝင်ထားသည်။




ကာဂျိုးလ်၏ခင်ပွန်း အဂျေးဒေဝမ်က ထုတ်လုပ်ရိုက်ကူးထားပြီး ဇနီး ကာဂျိုးလ် အဓိကပါဝင်သရုပ်ဆောင်ထားပြီး ရုပ်ရှင်မိတ်ဆက်ပွဲတွင် စုံတွဲအတူ တက်ရောက်ခဲ့ကာ ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားသည်။

အဆိုပါရုပ်ရှင်တွင် ဝါရင့်မင်းသမီး ကာဂျိုးလ်၏ သရုပ်ဆောင်မှုများက ပြီးခါနီးလေ ပိုကောင်းလေ ဖြစ်ခဲ့ကာ ဧည့်သည်သရုပ်ဆောင် အာရ်မာဒါဗတ်လည်း ပါဝင်ထားသည့်အတွက် ပရိသတ် စိတ်ဝင်စားခဲ့ကြသည်။ (SKY)




## Kabzaa ရုပ်ရှင် အက်ရှင်ဇာတ်ကြမ်းကားဖြစ်

ဘောလိဝုဒ်ရုပ်ရှင် Kabzaa မှာ အက်ရှင်ဇာတ်ကြမ်းကားဖြစ်ပြီး ၁၉၄၇ ခုနှစ်ကို ဇာတ်အိမ်တည်ထားသည့် လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ရိုက်ကူးထားသည့် အက်ရှင်ဇာတ်ကြမ်းကား ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် လွတ်လပ်ရေးကြိုးပမ်းသူ ဖခင်အသတ်ခံရပြီးနောက် မိခင်နှင့်အတူ ညီအစ်ကို နှစ်ဦး အိန္ဒိယတောင်ပိုင်းတွင် ဘဝကိုဖြတ်သန်းကြရာ အစ်ကိုက အိမ်ထောင်တာဝန်ယူ၍ ညီဖြစ်သူက လေတပ်ထဲဝင်ခဲ့သည်။

ညီဖြစ်သူ ပိတ်ရက် မိဘအိမ်ပြန်လာရာမှ လမ်းခရီးအဖြစ်အပျက်များကြောင့် လွတ်လပ်ရေးကြိုးပမ်းသူ၏သားမှာ လူမိုက်ဖြစ်သွားပုံကို အက်ရှင်ဇာတ်ကြမ်းများ တင်ပြထားသည့် တောင်ပိုင်းဇာတ်ကားဖြစ်သည်။ (SKY)

## Song Joong Ki ၏ My Name is Loh Kiwan ရုပ်ရှင်သစ် ထွက်ရှိ

ကိုရီးယားအနုပညာရှင် Song Joong Ki ၏ ရုပ်ရှင်သစ် My Name is Loh Kiwan ထွက်ရှိလာကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မြောက်ကိုရီးယားမှ ဘယ်ဂျီယံသို့ ခက်ခဲစွာ ပြည်ပြေးလာသူတစ်ဦး၊ ဘယ်ဂျီယံနိုင်ငံသား ခံယူထားသည့် သေနတ်ပစ်သမားမိန်းကလေးနှင့် ဆုံစည်းခဲ့ပြီး ဒုက္ခပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားကြပုံကို ရိုက်ကူးထားသည်။

ဘဝတွင် သုညမှစတင်၍ ရုန်းကန်လှုပ်ရှားခဲ့ပုံများကို အပိုအလိုမရှိ ရသမြောက်တင်ဆက်ထားရာ Song Joong Ki ၏ အနုပညာစွမ်းရည်ပြည့်ဝမှုက ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့သည်။ (SKY)



## သီရိလင်္ကာနိုင်ငံ၌ ပထမခုနစ်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ကျော် ရရှိ

ကိုလံဘို ဩဂုတ် ၉

သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ပထမခုနစ်လအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရရှိခဲ့ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် ယင်းကာလအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ ဘီလီယံရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ အချက်အလက်များအရ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ဇန်နဝါရီလမှ ဇူလိုင်လအထိ ၁၃၆၈၂၈၈ ဦးရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် ပြည်ပရောက် သီရိလင်္ကာလုပ်သားများ၏ လွှဲပို့ငွေမှာလည်း ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော်ရှိပြီး ယမန်နှစ်ကထက် ၁၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဗဟိုဘဏ်က ပြောသည်။

ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေနှင့် ပြည်ပရောက်အလုပ်သမားများ၏ လွှဲပို့ငွေမှာ သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရရှိသော ထိပ်တန်းအရင်းအမြစ်များဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အပိုလို ၁၃ မစ်ရှင်မှ ခေါင်းဆောင် ဂျိမ်းလိုဗယ် ကွယ်လွန်

နယူးယောက် ဩဂုတ် ၉

၁၉၇၀ ပြည့်နှစ်အပိုလို ၁၃ မစ်ရှင်မှ ခေါင်းဆောင်ဖြစ်သူ အမေရိကန် အာကာသယာဉ်မှူး ဂျိမ်းလိုဗယ်သည် ဩဂုတ်၇ ရက်က အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကွယ်လွန်ခဲ့သည်ဟုသိရသည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၉၇ နှစ်ရှိပြီဖြစ်သည်။

၎င်းသည် အောက်ဆီဂျင်သိုလှောင်ကန် ပေါက်ကွဲသွားပြီးနောက် ကမ္ဘာပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ရန် စီမံခဲ့သူလည်းဖြစ်သည်။ လိုဗယ်သည် ၎င်း၏ တစ်သက်တာအတွင်း အာကာသမစ်ရှစ်လေးခုဖြစ်သည့် ဂျီမီနီ ၇၊ ဂျီမီနီ ၁၂၊ အပိုလို ၈ နှင့်အပိုလို ၁၃ တို့တွင်လိုက်ပါခဲ့သည်။

### ပထမဆုံးအကြိမ် လှည့်ပတ်ပျံသန်း

၁၉၆၈ခုနှစ်တွင် လိုဗယ်၊ ဖရန့်ဘော်မန်းနှင့် ဝီလီယံအန်ဒရာစ်တို့ပါဝင်သည့် အပိုလို ၈ သည် ကမ္ဘာပတ်လမ်းမှထွက်ခွာပြီး လကို ပထမဆုံးအကြိမ် လှည့်ပတ်ပျံသန်းခဲ့ကြသည်။ အပိုလို ၁၃ မစ်ရှင်သည် လိုဗယ်ကို ကမ္ဘာအနှံ့ကျော်ကြားသူဖြစ်အောင် လုပ်ဆောင်ခဲ့သည်။

၁၉၇၀ ပြည့်နှစ် ဧပြီလတွင် လိုဗယ်နှင့်အခြားအာကာသယာဉ်မှူးနှစ်ဦးသည် အပိုလို ၁၃နှင့်အတူ လဆီသို့သွားရာလမ်းကြောင်း၌ ရှိနေစဉ် အာကာသယာဉ်အတွင်းရှိ အောက်ဆီဂျင်သိုလှောင်ကန် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။ နောက်လေးရက်အတွင်း ကမ္ဘာပေါ်ရှိ အမှုထမ်းများ၏ ညွှန်ကြားချက်များနှင့်အတူ လိုဗယ်နှင့်အခြား အာကာသယာဉ်မှူးနှစ်ဦးတို့သည် ကျဉ်းမြောင်းသည့်လဆင်းယာဉ်ပေါ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

### ကမ္ဘာမြေသို့ ဘေးကင်းစွာဆင်းသက်နိုင်

လဆင်းယာဉ်ကို အသက်ကယ်ယာဉ်အဖြစ်အသုံးပြု၍ လကိုလှည့်ပတ်ကာ ကမ္ဘာမြေသို့ဦးတည်၍ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်။ ၎င်းကို ၁၉၂၈ ခုနှစ် မတ်လတွင် မွေးဖွားခဲ့ပြီး နာဆာ အာကာသယာဉ်မှူးအဖြစ် ၁၉၆၂ ခုနှစ်တွင် ရွေးချယ်ခံခဲ့ရသည်။

ဆင်ဟွာ

STOP AIDS

## စင်ကာပူသမ္မတနိုင်ငံတည်ထောင်ခြင်း နှစ်(၆၀) ပြည့်အထိမ်းအမှတ် တရုတ်သမ္မတ ရှီကျင့်ဖျင်က စင်ကာပူသမ္မတထံသို့ သဝဏ်လွှာပေးပို့

ပေကျင်း ဩဂုတ် ၉

တရုတ်သမ္မတ ရှီကျင့်ဖျင်က စင်ကာပူသမ္မတ သာမန်ရှန်မုဂရတ်နမ်ထံသို့ စင်ကာပူသမ္မတနိုင်ငံတည်ထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုသဝဏ်လွှာတစ်စောင်ကို ဩဂုတ် ၉ ရက်တွင် ပေးပို့ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းသဝဏ်လွှာတွင် သမ္မတ ရှီကျင့်ဖျင်က လွန်ခဲ့သော အနှစ်(၆၀)အတွင်း စင်ကာပူသည် ထူးခြားသောစရိုက်လက္ခဏာများဖြင့် ခေတ်မီတိုးတက်သော လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ခဲ့ပြီး ထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ကြောင်း ပြောကြားသည်။

တရုတ်နှင့် စင်ကာပူသည် ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများအပြင် အရေးပါသည့် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များဖြစ်ကြောင်းလည်း ဖော်ပြထားသည်။



၎င်းက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် (၃၅)နှစ်တာ ကာလအတွင်း နှစ်နိုင်ငံသည် မဟာဗျူဟာမြောက်နှင့် ရေရှည်အမြင်ဖြင့် နှစ်ဖက်ဆက်ဆံရေးကို အမြဲတမ်း ချဉ်းကပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုကို မြှင့်တင်ခဲ့ပြီး နယ်ပယ်အသီးသီးတွင် အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများရရှိခဲ့ကြောင်း၊ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန် အကျိုးရှိပြီး နိုင်ငံများအကြား ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် စံနမူနာတစ်ခုဖြစ်သည်ဟု သဝဏ်လွှာတွင် သမ္မတ ရှီကျင့်ဖျင်က ဖြည့်စွက်ဖော်ပြခဲ့ကြောင်း သိရသည်။

Mon

## အဇာဘိုင်ဂျန်သမ္မတနှင့် အာမေးနီးယားဝန်ကြီးချုပ်တို့နှစ်ဦး ဒေါ်နယ်လ်ထရမ့်၏ ပြန်ပြေမှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီ

ဝါရှင်တန် ဩဂုတ် ၉

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ စေ့စပ်ဖြန်ဖြေမှုဖြင့် အဇာဘိုင်ဂျန်နှင့် အာမေးနီးယား ခေါင်းဆောင်များသည် ဆယ်စုနှစ်များစွာကြာ ပဋိပက္ခများကို အဆုံးသတ်ရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၈ ရက်က ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အမေရိကန်သမ္မတက အဆိုပါလက်မှတ်ရေးထိုးပွဲကို သမိုင်းဝင်အဖြစ် ဖော်ပြပြီးနောက် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟာမ် အလီယဲဗ်နှင့် အာမေးနီးယား ဝန်ကြီးချုပ် နီကိုးလ်ပါရှီယန်တို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။

ထိုနှစ်နိုင်ငံကြားရှိ အရေးပါသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအချို့ကို ပြန်လည်ဖွင့်လှစ်ပေးမည့် အဆိုပါသဘောတူညီချက် အချိန်အတော်ကြာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သမ္မတထရမ့်က ရှင်းလင်းပြောကြားသည်။

အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနှစ်နိုင်ငံသည် ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များက အဇာဘိုင်ဂျန်ပိုင် နဂိုရ်နို-ကာရာဘတ်ခ်ဒေသကို အကြောင်းပြု၍ တိုက်ခိုက်ခဲ့ကြပြီး မကြာခဏတွင်လည်း တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Mon

## တရုတ်နိုင်ငံ၏ စားသုံးကုန်ဈေးနှုန်းများ ဇူလိုင်လတွင် တည်ငြိမ်၊ ကျေးလက်ဒေသများတွင် ဈေးနှုန်းများ ကျဆင်း

ပေကျင်း ဩဂုတ် ၉

တရုတ်နိုင်ငံ၏ စားသုံးကုန်ဈေးနှုန်းများမှာ ဇူလိုင်လတွင် တည်ငြိမ်နေခဲ့သည်ဟု ဩဂုတ် ၉ ရက်က ထုတ်ပြန်သည့် တရားဝင်အချက်အလက်များတွင် ဖော်ပြထားရာ ငွေကြေးဖောင်းပွမှု ကျဆင်းခြင်းဖိအားနှင့် ပြည်တွင်းလိုအပ်ချက် ပျက်စီးလွယ်မှုတို့ကို ရင်ဆိုင်နေရသည့် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအတွက် သက်သာရာရစေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ငွေကြေးဖောင်းပွမှု၏ အဓိကတိုင်းတာချက်ဖြစ်သည့် စားသုံးသူဈေးနှုန်းညွှန်းကိန်းသည် ဇူလိုင်လတွင် တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲမှုမရှိကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဌာနမှ ထုတ်ပြန်သည့်အချက်အလက်များက ညွှန်ပြသည်။

အဆိုပါ အချက်အလက်များသည် ဘလွန်းဘာ့ဂ်၏ စီးပွားရေးပညာရှင်များအပေါ် ကောက်ယူထားသော စစ်တမ်းတွင် ခန့်မှန်းထားသည့် ၀ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းမှုထက် ပိုမိုကောင်းမွန်ခဲ့သည်။

တရုတ်ကျေးလက်ဒေသများတွင် ဈေးနှုန်းများမှာ တစ်နှစ်ထက်တစ်နှစ် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး လူသုံးကုန်ပစ္စည်းများအတွက်မူ ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

Mon



## မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းမရှိစေရေး စစ်ဆေးခြင်းကို ယနေ့ နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**(အောက်ပုံ)**



ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်တိုင်းရင်းဆေးမှူး ဦးငြိမ်းချမ်းစိုး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများ ရောင်းချခြင်း မရှိစေရေး၊ အိမ်သုံးဆေးဝါးတိုင်းရင်းဆေးများတွင် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ မှတ်ပုံတင်အမှတ်၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး အသိပညာပေးခဲ့ကြောင်း သိရသည်။**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**စဉ့်ကိုင် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စု (မန္တလေးတောင်ပိုင်း)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ THEATREခန်းမ၌ ကျင်းပခဲ့သည်။**(အပေါ်ယာပုံ)**



ဟောပြောပွဲတွင် အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု မန္တလေးတောင်ပိုင်း ရဲမှူး နိုင်အောင်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောရာတွင် မူးယစ်ဆေး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်များ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေပုဒ်မများ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာကြလာသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကျောက်ဆည်တက္ကသိုလ်မိသားစုက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေ

**စစ်ကိုင်း ဩဂုတ် ၉**

ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်းခရိုင်)မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ စစ်ကိုင်းမြို့ ကျော်ထက်မီးပွိုင့်၊ စစ်ကိုင်းဈေးမီးပွိုင့်နှင့် ယာဉ်ရပ်နားစခန်းကားကြီးကွင်းမီးပွိုင့်တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စစ်ဆေးဆောင်ရွက်ကြပြီး ယာဉ်စည်းကမ်းလိုက်နာမှုမရှိ၊ ဆိုင်ကယ်စီး ဦးထုပ်မဆောင်းကြသူများကို အရေးယူဆောင်ရွက်ခြင်းမပြုဘဲ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး အသိပညာပေးခန်းမသို့ ခေါ်ဆောင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပို့ချဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များပေးဝေခြင်း၊ တက်ရောက်လာသူများက အသိပညာပေးမေးခွန်းများ ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ဝင့်ဂျ)**

*-*-*-*-*

## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက် ည ၁၂ နာရီခွဲက နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဦးကျေးရပ်ကွက်အရှေ့ကြောက်၌ အဆိုပါရပ်ကွက်နေ ဦး - - - - (၄၆)နှစ်အား အရှိုး၊ အသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်း ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိရသဖြင့် ဦး - - - - အား ရွာကောက် နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အမှတ်(၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အင်ဘုမီးပွိုင့်အနီး၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း လယ်ဝေးဘက်မှ



အင်ဘုမီးပွိုင့်ဘက်သို့ လယ်ဝေးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ဒေါ် - - - (၃၈)နှစ် မောင်းနှင်လာသည့် HONDA INSIGHT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဒေါ် - - - အား လယ်ဝေးမြို့မရဲစခန်း ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃မျိုး၊ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Isuzu Giga Truck နှစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Yangon Truck တစ်စီးကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေး ဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**









# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက် သစ်ပင်စိုက်ပျိုး၊ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်(ဒုတိယအကြိမ်)မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ်၊ အရှေ့မြို့ပတ်လမ်းမကြီးတစ်လျှောက် လမ်း ၃၀မှ ၃၅ လမ်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ပြီး သစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြို့တော်စည်ပင်ဌာနအသီးသီးမှ ဝန်ထမ်းများသည် သတ်မှတ်နေရာအသီးသီး၌ သက်တမ်းလေးနှစ်အထက် မယ်ဇယ်ပင် စုစုပေါင်း ၃၆၀ ပင်အား တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။ ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးပြီးနောက် လမ်း ၃၀ နှင့် ၃၁လမ်းကြား၊ မြို့ပတ်လမ်းမကြီး၏ အရှေ့ဘက်ခြမ်း၌ အရှည် ၁၅ ပေ၊ အကျယ် ၅ ပေ ပန်းခုံ ငါးခု ပြုလုပ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး၊ ဒုတိယဌာနမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ပန်းခုံများတွင် ဂုဏ်ကမ်ကျား၊ ပန်းခရမ်းပြာ(မယ်ညို)၊ ကစ်စ်မီကွစ်၊ ပတ္တမြားညို စသည့် ပန်းအလှပင်များဖြင့် ရောင်စုံပန်းခင်းများဖြစ်အောင် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြို့ပတ်လမ်းမကြီး၏ ဝဲ၊ ယာ၌ လမ်းဘေးအပင်ကြီးများကို မြေပြင်မှ အထက် ၂ ပေ အောက်ခြေထုံးသုတ်ခြင်းလုပ်ငန်းအား အပင် ၃၃၉ ပင် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မန္တလေးမြို့အဝင် မြို့ရှောင်လမ်းဖြစ်သည့် အရှေ့မြို့ပတ်လမ်းမကြီးတစ်လျှောက် အောင်ပင်လယ်အိုင်းမှ ၁၉ လမ်းအတွင်း လမ်းမကြီး ဝဲ၊ ယာ အပင်ကျဲပါးသည့်နေရာများတွင် တစ်အုပ်တစ်မစိုက်ခင်းများ၊ ပန်းခုံများဖြင့် ဖြည့်စွက်စိုက်ပျိုးပေးရန်နှင့် နွယ်သာကီပင်များကို စိုက်ပျိုးပေးရန် မှာကြားခဲ့သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ပထမအကြိမ်၌ မယ်ဇယ်ပင် ၁၄၀၀ စိုက်ပျိုးခဲ့ပြီး ယခု ဒုတိယအကြိမ်တွင် မယ်ဇယ်ပင် ၃၆၀ ကို စိုက်ပျိုးပေးနိုင်ခဲ့ခြင်းဖြစ်ရာ မန္တလေးမြို့တော်ကြီးအား Green City(စိမ်းလန်းသောဥယျာဉ်မြို့တော်)ဖြစ်လာစေရေးနှင့် သာယာလှပရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ လိုက်ပါ၍ မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နဒီမြောင်း၏အစ အောင်မြေသာစံမြို့နယ် ၁၀လမ်းမှ ချမ်းမြသာစည်မြို့နယ် ပန်းရံတော်ချောင်းသို့ စီးဝင်သည့်နေရာအထိ နဒီမြောင်းမကြီးတစ်လျှောက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းခွင်များဖြစ်သည့် နဒီမြောင်းနှင့် ၄၁ လမ်း၊ ၃၅ လမ်းနှင့် လမ်း၃၀ ဆုံနေရာများ၌ စက်ယန္တရားများဖြင့် နဒီမြောင်းဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် အတူ သတ်မှတ်မြောင်းနံဘေး ဝဲ၊ ယာ ဇရိယာအတွင်း ကျူးကျော်ဝင်ရောက်နေသည့် နေအိမ်ဝင်းခြံများ၊ နေအိမ်များအား ရှင်းလင်းခြင်း လုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်က မြောင်းနံဘေး မြေသားများ လျှောကျနေသည့် နေရာများအား တစ်ပါတည်း မြေတူးစက်ဖြင့် တစ်ညီတညာတည်း မြောင်းပေါင်အား ပြုပြင်ဆောင်ရွက်ပေးကြရန်၊ မြောင်းပေါ်တွင် အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများကိုပါ တစ်ပါတည်း အလင်းဖွင့် ခုတ်ထွင်ရှင်းလင်းပေးရန်နှင့် မြောင်းအတွင်း အမှိုက်စွန့်ပစ်မှုများ မရှိစေရေးအတွက် သတိပေးဆိုင်းဘုတ်များ စိုက်ထူပေးရန်၊ မြောင်းအတွင်း အမှိုက်ပစ်သည့် နေရာများအား စောင့်ဆိုင်းဖမ်းဆီးအရေးယူရေးကိစ္စ တစ်ပါတည်း ဆောင်ရွက်ပေးရန်တို့ကို သန့်ရှင်းရေးဌာန ဌာနမှူးနှင့်တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# နိုင်ငံတကာ အားကစား သတင်းများ

## အီသန်နွမ်နရီ အာဆင်နယ်အသင်းနှင့် ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၉**
အာဆင်နယ်အသင်းသည် အသင်းလူငယ်ကြယ်ပွင့် ကွင်းလယ်တိုက်စစ်ကစားသမား အီသန်နွမ်နရီအား ကာလရှည် သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါကွင်းလယ်တိုက်စစ် ကစားသမားသည် အာဆင်နယ် အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၃၉ ပွဲကစားပြီး ၉ ဂိုး သွင်းယူကာ ခြေစွမ်းပြ နိုင်ခဲ့သလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံ ထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလာခြင်း ဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ အီသန်နွမ်နရီက "ကျွန်တော် အသင်းနဲ့ ကာလရှည်သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့ အနာဂတ်မှာလည်း အောင်မြင်မှု ဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ)
(NGB)

## အာမန်ဒိုဘရိုဂျာအား ဘန်လေအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၉**
ပရီးမီးယားလိဂ်တန်းတက် ကလပ် ဘန်လေအသင်းသည် ချဲလ်ဆီးအသင်းတိုက်စစ်မှူး အာမန်ဒိုဘရိုဂျာအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘန်လေအသင်းနှင့်အတူ ငါးနှစ် သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး အာမန်ဒိုဘရိုဂျာသည် အသင်းကို လာမည့် ဘောလုံးရာသီသစ်တွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ဘန်လေအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဘန်လေအသင်းသည် လက်ရှိ စျေးကွက်အတွင်းတွင် ကစားသမား ကိုးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ)(NGB)






## အင်တာမီလန်အသင်းက မိုနာကိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၉**
ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက မိုနာကိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၀မိနစ်တွင် မာတီနက်ဇ်၊ ပွဲချိန် ၈၀မိနစ်တွင် ဘွန်နီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၃ရက်တွင် မွန်ဇာ အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ)
(NGB)

## 2025 National Bank Open presented by Rogers အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Victoria Mboko ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၉**
ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဒိန်းမတ် တင်းနစ်မယ် Victoria Mboko က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဒိန်းမတ်တင်းနစ်မယ် Victoria Mboko သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka အား ၂-၆၊ ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၁၈)နှစ်အရွယ်ရှိ Victoria Mboko က "ကျွန်မ အခုလို 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။
(ဝဲပုံ)(NGB)

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညဂး၃၀နာရီ | ချဲလ်ဆီး(အင်္ဂလန်) - အေစီမီလန်(အီတလီ) |
| ။ | ည၁၀း၀၀နာရီ | ဒေါ့မွန်(ဂျာမနီ) - ဂျူဗင်တပ်(အီတလီ) |
| ။ | ။ | ဆန်းဒါးလန်း(အင်္ဂလန်) - ဗယ်လက်ကာနို(စပိန်) |
| ။ | ည၁၁း၃၀နာရီ | တူးလော့(ပြင်သစ်) - ဆီဗီလာ(စပိန်) |
| ၁၁-၈-၂၀၂၅ တနင်္လာနေ့ | နံနက်၀၁း၃၀နာရီ | ဘာစီလိုနာ(စပိန်) - ကိုမို(အီတလီ) |
| ။ | ။ | ဗီလာရီးရဲလ်(စပိန်) - ဗီလာ(အင်္ဂလန်) |

## ဇာဘာနီကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်း သဘောတူညီမှု ရရှိ

**ပါရီ ဩဂုတ် ၉**
ပီအက်စ်ဂျီအသင်းသည် ဘုန်းမောက်အသင်း နောက်ခံကစားသမား ဇာဘာနီကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။ (အောက်ပုံ)

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုရက်ပိုင်းအတွင်း လာရောက် ပူးပေါင်းကာ ငါးနှစ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။




နောက်ခံကစားသမား ဇာဘာနီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူလာခြင်း ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိစျေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။ (NGB)

## မော်ဂန်ရော်ဂျာစ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၉**
အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းက ရိုးမားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။
(အောက်ပုံ) (NGB)



## အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၄း၃၀နာရီ | သြစတြေးလျ - ဖိလစ်ပိုင် |
| ။ | ။ | တီမော - မြန်မာ |

## အေအက်ဖ်စီ အာရှပလား အမျိုးသမီး(ယူ-၂၀)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၄း၀၀နာရီ | မြန်မာ - အိန္ဒိယ |
| ။ | ည၇း၀၀နာရီ | အင်ဒိုနီးရှား - တာမင်နစ္စတန် |

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည၁၀း၀၀နာရီ | လက်စတာ - ရှက်ဖီးလ်Wed (W,W,W,L,W) (L,W,D,D,L) | လက်စတာ ၂-၀ ရှက်ဖီးလ်Wed ရှက်ဖီးလ်Wed ၁-၁ လက်စတာ |

## အင်္ဂလိပ် ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညဂး၃၀နာရီ | ပဲလေ့စ် - လီဗာပူး (D,W,L,W,L) (W,L,W,W,W) | ပဲလေ့စ် ၀-၁ လီဗာပူး လီဗာပူး ၁-၁ ပဲလေ့စ် |

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၁၁၈ သန်းကျော် လေးလအတွင်း ဝင်ရောက်လာ




**မန္တလေး ဩဂုတ် ၉**

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဇူလိုင်လကုန်ထိ လေးလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၁၁၈ သန်းကျော် တန်ဖိုးရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားကြောင်း သိရသည်။

လေးလတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၂၆ ခု ဝင်ရောက်ထားပြီး အဲဒီလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးဟာ အမေရိကန် ဒေါ်လာ ၁၀၆ သန်းကျော်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

လက်ရှိအချိန်ထိ ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ မတည်ရင်းနှီးငွေတိုးမြှင့်တဲ့ ပမာဏက အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ရှိပါတယ်။ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေတိုးတက်လာတာနဲ့ အမျှ အလုပ်အကိုင်အခွင့်လမ်းတွေရရှိမှာဖြစ်သလို ကုန်ထုတ်လုပ်မှု တိုးတက်လာမယ်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၄ ခုအထိ အများဆုံးဝင်ရောက်ထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် လုပ်ငန်းအသစ်တစ်ခုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းအသစ်တစ်ခု ဝင်ရောက်ထားကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်ဝင်ရောက်မှုမရှိသေးသော်လည်း ရှိရင်းစွဲလုပ်ငန်းများ၏ မတည်ရင်းနှီးငွေတိုးမြှင့်ကာ ထပ်မံရင်းနှီးမြှုပ်နှံဆောင်ရွက်ကြကြောင်း သိရသည်။

ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြကြောင်း၊ လက်ရှိအချိန်ထိ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ဒေသပေါင်း ၅၃ ခုရှိသည့်အနက် ၄င်းနိုင်ငံများက အများဆုံးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး ထွေအုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများ၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်က အမှာစကားပြောကြားပြီး ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ခင်မြင့်က ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများမှ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကမှ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကမှ လမ်းညွှန်အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**မောင်စိုင်မင်း**



## မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)မှ ပြုလုပ်ပေးသော ဂီတအစည်းအရုံးဝင်ကတ်များကို လျှောက်ထားသူများအား ပေးအပ်

**မန္တလေး ဩဂုတ် ၉**

မြန်မာနိုင်ငံဂီတအစည်းအရုံး (မန္တလေးတိုင်းဒေသကြီး)မှ ပြုလုပ်ပေးသော ဂီတအစည်းအရုံးဝင်ကတ်များကို လျှောက်ထားသူများအား ပေးအပ်ခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)တည်ရာဖြစ်သော မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်းနှင့်၂၁လမ်းထောင့်တွင် ပြုလုပ်ခဲ့သည်။

ဂီတအစည်းအရုံးဝင်ကတ်များကို လျှောက်ထားသူများပေးအပ်ခြင်းတွင် ဂီတအစည်းအရုံးမှ တွဲဖက်အတွင်းရေးမှူး(၁) ဦးမောင်မောင်ချိုနှင့် အလုပ်အမှုဆောင်အဖွဲ့က လျှောက်ထားသူအဖွဲ့ဝင် ၂၂၃ ဦးအား ဂီတအစည်းအရုံးဝင်ကတ်များအား ပေးအပ်ခဲ့သည်။

ဂီတအစည်းအရုံးဝင်ကတ်များ ထုတ်ရန် ကျန်ရှိသူအဖွဲ့ဝင်များအနေဖြင့် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးနှင့်ဆက်သွယ်ကာ နိုင်ငံသားမှတ်ပုံတင်ဖြင့် ရုံးချိန်တွင် ဆက်သွယ်ထုတ်ယူနိုင်ပြီး အစည်းအရုံးဝင်ကတ် မပြုလုပ်ရသေးသောအဖွဲ့ဝင်များအနေဖြင့် ဖောင်များ ထုတ်ယူလျှောက်ထားနိုင်ကြောင်း သိရသည်။

**(၀၇၀)**

## ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးကောင်ရေ ခုနစ်သိန်း စိုက်ထည့်

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ အောင်မြေသာစံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ မြို့ပတ်လမ်းအနီးရှိ ညောင်ကွဲဆိပ်ကမ်းတွင် ပြုလုပ်ကြသည်။

အခမ်းအနားတွင် ငါးခုံးမကြီးကောင်ရေ သုံးသိန်းခွဲ၊ ငါးမြစ်ချင်းကောင်ရေ သုံးသိန်းခွဲ စုစုပေါင်း ငါးကောင်ရေ ခုနစ်သိန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးထွန်းထွန်းဦး၊ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးငြိမ်း၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သရက်ကုန်းငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးထွန်းနောင်ဝင်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်စန်းစန်းဦးနှင့် ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများက ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း ၊သိရသည်။

**(အောက်ပုံ)**

**(၀၉၃)**




## ဆင်းသုခစပါးမျိုးများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

**ဇေယျာသီရိ ဩဂုတ် ၉**

ဇေယျာသီရိမြို့နယ်၊သစ်တပ်ကျေးရွာအုပ်စု၊ ကြို့ပင်ကျေးရွာ၊ ကြို့ပင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ဦးတင်ဦး၏ မိုးစပါးစိုက်ဧက ၁ ဒသမ ၃၀ ဧကတွင် ထိုင်းနံ့ကောက်စပါးမျိုးအား မျိုးစေ့ချကိရိယာ (Seeder)ဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ ခေတ်အေးကျေးရွာအုပ်စု၊ မရင်းကြီးကျေးရွာ၊ မရင်းကြီးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမ မအသင်းသား ဒေါ်ခင်ဝင်း၏ မိုးစပါးစိုက်ဧက ၂ ဒသမ ၅၀ ဧကနှင့် ဦးတင်ဝင်း၏ ၁ ဒသမ ၂၅ ဧကတွင် ဆင်းသုခစပါးမျိုးများ



စိုက်ပျိုးဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူများက ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က ယခုနှစ်မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးဧကအားလုံး ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီစေရေးအတွက် ဦးစီးဌာနကြီးကြပ်မှုဖြင့် အသင်းသားတောင်သူက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်းပိုမိုတိုးလာစေရန် ပါဝင်ဆောင်ရွက်စေခြင်း၊ အဖျက်ပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်စေရန် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာစသည့် သွင်းအားစုများကို နည်းစနစ်မှန်စွာဖြင့် စံချိန်စံနှုန်းများအတိုင်း အသုံးပြုစေခြင်း၊ ဦးစီးဌာနမှလည်း စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မင်းဘူး ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် သင်တန်းများမှ လုပ်ငန်းထူထောင် မည့် သင်တန်းသူ ၂၅ ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း များ ပေးအပ်ပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မင်းဘူး ဦးသြဘာသမြို့နယ်ခန်းမ၌ ပြုလုပ် ရာ မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အတူ တိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိ သူများနှင့် သင်တန်းသူများ တက် ရောက်ခဲ့သည်။

အခမ်းအနားတွင် မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန က မင်းဘူးခရိုင်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက် နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း ကို အကောင်အထည်ဖော်ဆောင် ရွက်ပြီး သင်တန်းများ ဖွင့်လှစ် ပေးခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာ နှစ်တွင် လုပ်ငန်းရှင် ၁၅ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် ၂၀ ဦး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် ၂၅ ဦး၊ စုစုပေါင်း လုပ်ငန်းရှင် ၆၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ကိုပါ ဖန်တီးပေးနိုင်ပြီး ကျေး လက်နှင့် မြို့ပြနေပြည်သူများ၏ ဝင်ငွေတိုးပွားရေးကို အထောက် အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးလက်နေမိသားစု ဝင်ငွေ တိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့ သည့် သင်တန်းများမှ ကိုယ်ပိုင် လုပ်ငန်းထူထောင်မည့် သင်တန်း သူ ၂၅ ဦးအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ် ကာ သင်တန်းသူတစ်ဦးက ကျေး ဇူးတင်စကား ပြန်လည်ပြောကြား သည်။ (ဝဲပုံ)

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ စီမံကိန်း ကျေးရွာငါးရွာ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများအနက် စက်ချုပ် သင်တန်းနှစ်ခုမှ သင်တန်းသူ ၁၀ ဦး၊ စားသောက်ကုန်သင်တန်း သုံးခုမှ သင်တန်းသူ ၁၅ ဦး၊ စုစုပေါင်း ထူးချွန်သင်တန်းသူ ၂၅ ဦးအား စိစစ်ရွေးချယ်ပြီး ကုန် ကြမ်းဖိုး ငွေကျပ်နှစ်သိန်း ထည့် ဝင်စေကာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ရန် တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသော ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်း များကို ရာသက်ပန် သုံးစွဲခွင့်ပြု ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)



## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ပြုလုပ်

**ဆီဆိုင် ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဆီဆိုင်မြို့နယ်အတွင်း ဘေးသင့်ပြည်သူများ စီးပွားရေး လုပ်ငန်းပြန်လည် ထူထောင်လာ နိုင်ရန်အတွက် လူသုံးကုန်ထုတ် လုပ်မှုနည်းပညာသင်တန်းဆင်း ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ပြုလုပ် ခဲ့သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသ ဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းဆင်း အမှာစကားပြော ကြားသည်။ ထို့နောက် ဒေသ ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ် ရေးမှူး ဦးစောမောင်ဇွေနှင့် တာဝန်ရှိသူတို့က ထူးချွန်သင်တန်း သူသုံးဦးအား လုပ်ငန်းသုံးဆပ်ပြာ မွှေစက်နှင့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ခဲ့ကြပြီး သင် တန်းသူတစ်ဦးက ကျေးဇူးတင် စကားပြန်လည် ပြောကြားသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဆီဆိုင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၂၀ ဦး တက်ရောက်ကြကာ လူသုံးကုန်ပစ္စည်းများ ဖြစ်သည့် ပန်းကန်ဆေးဆပ်ပြာ၊ ဘက်စုံသုံး ဆပ်ပြာ၊ ရေချိုးဆပ်ပြာ၊ အဝတ် လျှော်ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ Hand Spray ၊ Scrub ၊ ဖူဂျီ၊ ဆပ်ပြာခဲ၊ လက်ဆေးဆပ်ပြာ၊ အမွှေးရည်နှင့် မှန်ကြည်ဆေး စသည့်ဆပ်ပြာ အမျိုးအစား ၁၂ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

## ပြည်ကြီးတံခွန်မြို့နယ်၊ အ.ထ.က(၂၇)တွင် နိုင်ငံသားစိစစ်ရေးကတ်များအား ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည် သူ့အင်အားဝန်ကြီးဌာန၊ မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီး ၍ ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများက ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ် ကွက်၊ အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း၊ အောင်တံ ခွန်ခန်းမတွင် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသက် (၁၀)နှစ်ပြည့်နှင့် အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် များကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကွင်းဆင်း၍ အခမဲ့ဆောင်ရွက် ပေးခဲ့ရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

(ယာပုံ)(၀၄၅)



## ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်

**မြစ်သား ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာ ဘုန်းမြတ်ကို ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို ဗီတာမင်အေ တိုက်ကျွေးခြင်း၊ သံချဆေးတိုက်ကျွေးခြင်းနှင့် ဆရာ၊ ဆရာမများအား ကျန်းမာ ရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင် ရွက်ခဲ့သည်။



မြစ်သားမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ကျောင်း ကျန်းမာရေးသီတင်းပတ်အနေဖြင့် မြို့ပေါ်ရှိ အခြေခံကျောင်းများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)



## မိုးစပါးကေ ၅သောင်းကျော်စိုက်ရန် ကြိုးစားနေ

**စစ်ကိုင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်ရှိ တောင်သူ အချို့ စတင်စိုက်ပျိုးနေသော မိုးစပါးကို ဧကငါးသောင်းကျော် စိုက်ရန် ဖောင်းပြင်မြို့နယ် စိုက် ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ကြိုးစားနေကြောင်း သိရသည်။

စိုက်ဧက ၅၄၅၅၀ စိုက်ပျိုးရန် လျာထားသော ဖောင်းပြင်မြို့နယ် တွင် ဒေသနှင့်ကိုက်ညီပြီး အထွက် နှုန်းကောင်းသည့် ရောမင်း၊ ချင်း ဧကရီ-၃၊ မော်ဘီနှင့် ဂျပန်တို့ကို အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ် မိုးဦးကာလဖြစ်သည့် ဇွန်လ ပထမပတ်မှစ၍ မိုးကောင်းခဲ့ သည့်အတွက် မိုးရေကိုအားပြုထွန် ယက်ကာ တောင်သူအချို့က စတင်စိုက်ပျိုးနေကြကြောင်း သိရ သည်။

တောင်သူအများစုသည် ကုန်ကျစရိတ်သက်သာရေး အတွက်ပျိုးထောင်၍ စိုက်ပျိုးခြင်း မပြုလုပ်ဘဲ တိုက်ရိုက်အစေ့ချ စနစ်ဖြင့် စိုက်ပျိုးနေကြပြီး စိုက် ပျိုးရာတွင် အသုံးပြုသည့် စက်သုံး ဆီ၊ ပေါင်းသတ်ဆေးနှင့် ကောက် စိုက်စရိတ်တို့ မြင့်မားနေခြင်း ကြောင့် ကုန်ကျစရိတ်သက်သာ သည့် အစေ့ချစိုက်ပျိုးနည်းကို ရွေးချယ်စိုက်ပျိုးရခြင်းဖြစ်ကြောင်း စိုက်ပျိုးသူတောင်သူထံက သိရ သည်။ (ဝဲပုံ)

(၃၉၄)

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သင်္ကေတာရာဇ်များ (၁၃၀)

**သွယ်အောင်**

မန္တလေးနေ့စဉ်သတင်းစာ ထွက်ခါစတွင် ဖော်ပြပါရှိသော ကာတွန်းများမှာ ဟံသာဝတီ သတင်းစာထွက်ရှိစဉ်က ပါရှိသော ကာတွန်းများကဲ့သို့ လက်ရာမြောက်ပြီး ဟာသရသ အပြည့် ပါရှိကာ ရယ်ရသော ကာတွန်းများဖြစ်သည်။ ရွေးချယ်သည့် ကာတွန်းအယ်ဒီတာမှာ ဆရာ တွတ်တွတ်(ကဲသာ)ဖြစ်သဖြင့် ဖော်ပြပါရှိသော ကာတွန်းများထိမိပြီး ရယ်စရာဟာသရသ ပေးစွမ်းကာ ဟံသာဝတီသတင်းစာခေတ်မှ မျိုးဆက်ဟောင်းကာတွန်းဆရာများအပြင် မျိုးဆက်သစ် ကာတွန်းဆရာ အများအပြား စတင်ဖော်ပြပေးနိုင်ခဲ့သည်။

၁၉၉၇ ခုနှစ် ကုန်ဆုံးပြီး ၁၉၉၈ ခုနှစ်တွင် ကျွန်တော်လည်း စက်မှုအထကရှိ သင်တန်းများ အားလုံးကို ရူပဗေဒဘာသာရပ် သင်ကြားပေးရသဖြင့် ကျောင်းသားများအတွက် သင်ကြားရေးနှင့် အလုပ်ရှုပ်နေသောကြောင့် ကာတွန်းရေးဆွဲခြင်း ခါတိုင်းလိုမရေးဆွဲနိုင်တော့ချေ။ ထို့အတူ ကဗျာလည်း မရေးဖွဲ့နိုင်တော့ချေ။ မန္တလေး GTI မှ ဖွင့်လှစ်ခဲ့သော ညနေပိုင်း အင်ဂျင်နီယာသင်တန်းလည်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး (MP) ဖြင့် စက်မှုအင်ဂျင်နီယာ ရယူနိုင်ခဲ့သည်။

စက်မှုအင်ဂျင်နီယာ ဒီပလိုမာရရှိထား၍ မော်တော်ယာဉ်ဌာနမှ ဆရာဦးမြဆွေက ကျွန်တော်အား ရူပဗေဒဌာနမှ သူ့ဌာနသို့ လက်တွေ့နည်းပြရာထူးဖြင့် ပြောင်းရွှေ့လာရန် ဖိတ်ခေါ်သည်။ ကျွန်တော်လည်း သရုပ်ပြရာထူးမှ လက်တွေ့နည်းပြရာထူးတိုးသဖြင့် မော်တော်ယာဉ်ဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထိုဌာနတွင် အလုပ်လုပ်နေစဉ် ကာတွန်းပုံ အနည်းငယ် ပြန်ရေးဆွဲဖြစ်သည်။ (စွာစော်ကဲ) ကလောင်အပြင် သူငယ်ချင်း ဆရာကိုသိန်းကျော်အား ပေးထားသော (လွတ်လပ်ငြိမ်း) ကလောင်ဖြင့် ကာတွန်းပုံ နှစ်ပုံကို ရေးဆွဲဖြစ်ကာ မန္တလေးနေ့စဉ်သတင်းစာတွင် ပုံနှိပ်ဖော်ပြပါရှိခဲ့သည်။ 'လွတ်လပ်ငြိမ်း'ဖြင့် ရေးဆွဲသည့် ကာတွန်းပုံအား 'စွာစော်ကဲ'ကလောင်ဖြင့် ရေးဆွဲခဲ့သည့် ကာတွန်းလိုင်းဖြင့် မတူစေဘဲ ကာတွန်းလိုင်းသစ်ဖြင့် တစ်မူကွဲစွာ ရေးဆွဲခဲ့ပါသည်။ ပထမပုံမှာ (၈-၃-၁၉၉၈)ရက်ထုတ်သတင်းစာတွင် ပါရှိခဲ့ပြီး လမ်းဖြတ်ကူးနေသော လူတစ်ဦးအား ပလက်ဖောင်းပေါ်မှ လူက **'ဟေ့လူ..နမော်နမဲ့ လမ်းဖြတ်မကူးနဲ့လေ၊ ကားတိုက်သေလိမ့်မယ်'**ဟု လှမ်းပြောရာ လမ်းကူးနေသောလူက **'နမော်နမဲ့ လမ်းဖြတ်ကူးတာ မဟုတ်ပါဘူး။ မျဉ်းကြားကကူးမလို့ မျဉ်းကြားလိုက်ရှာနေတာ'**ဟု ပြောသောပုံ ဖြစ်သည်။

ဒုတိယပုံမှာ (၂၈-၅-၁၉၉၈)ရက်ထုတ် သတင်းစာတွင် ဖြစ်သည်။ ပုံတွင် ကျန်းမာရေးအဖွဲ့မှ အိမ်သာများ ယင်မအုံစေရန် ယင်လုံ၊ မလုံ စစ်ဆေးသော သတင်းကို အခြေပြုပြီး ရေးဆွဲသော ကာတွန်းဖြစ်သည်။

သရုပ်ပျက်ဝတ်စားထားသော လူငယ်တစ်စုကို လူတစ်ဦးက လက်ညှိုးထိုးပြီး **'အိမ်သာတွေက ယင်လုံပါတယ်၊ အဲ...သူတို့ ယင်မအုံအောင် ဘယ်လိုလုပ်မလဲဗျ'**ဟု ကျန်းမာရေးမှတာဝန်ရှိသူကို စကားပြောနေသောပုံ ဖြစ်သည်။

ဆရာ ကိုသိန်းကျော်လည်း မန္တလေးစက်မှုအထက (EP) ဌာနပြောင်းရွှေ့ရောက်ရှိလာသောအခါ ကျွန်တော်လည်း 'လွတ်လပ်ငြိမ်း'ကလောင်ဖြင့် ကာတွန်းများ မရေးဆွဲတော့ဘဲ 'စွာစော်ကဲ' ကလောင်ဖြင့်သာ ရေးဆွဲဖြစ်တော့သည်။

'စွာစော်ကဲ' ကလောင်ဖြင့် (၂၉-၄-၉၈)




ရက်ထုတ် ရတနာပုံ သတင်းစာတွင် စည်းကမ်းမဲ့သည့်အကြောင်း ရေးဆွဲသည့်ကာတွန်း၊ (၂၃-၅-၉၈)ရက်ထုတ် ရတနာပုံသတင်းစာတွင် ဆေးလိပ်သောက်လျှင် ကင်ဆာရောဂါဖြစ်သည့် အကြောင်း ကာတွန်း၊ (၂၄-၅-၉၈)ရက်ထုတ် မန္တလေးနေ့စဉ် သတင်းစာတွင် ထီရောင်းသူများ ကြီးပွားချမ်းသာသည့်အကြောင်း၊ ကာတွန်း၊ (၂၇-၅-၉၈)ရက်ထုတ် ရတနာပုံသတင်းစာတွင် စီးကရက်၊ အရက်၊ ဘီယာကြော်ငြာများ အားကောင်းလာသည့်အကြောင်း ကာတွန်းပုံတို့ ရေးဆွဲဖြစ်ခဲ့သည်။

ယင်းကာတွန်းများ ရေးဆွဲအပြီး ကျွန်တော်လည်း နောက်ထပ် မည်သည့်ကာတွန်းမျှ မရေးဆွဲနိုင်တော့ချေ။ အကြောင်းမှာ (၃-၈-၉၈)ရက်နေ့မှစ၍ ကျွန်တော်တို့ (T.H.S)စက်မှုအထကမှ ဆရာ၊ ဆရာမများ မန္တလေးစက်မှုလက်မှုသိပ္ပံ (GTI) သို့ ပြောင်းရွှေ့ကာ (GTI) ဆရာများနှင့် ပူးပေါင်း စာသင်ကြားရသောကြောင့် ဖြစ်သည်။ ထိုနှစ်မှစ၍ မန္တလေးစက်မှုလက်မှုအထက်တန်း




ကျောင်း(T.H.S) ကို ဦးစီးဌာနမှ ဝန်ကြီးအမိန့်ဖြင့် တရားဝင် ဖျက်သိမ်းလိုက်တော့သည်။

ထို့ကြောင့် ကျွန်တော်မှာ (GTI) ကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသောကြောင့် သင်ကြားရေးကိစ္စမှာ ပို၍ဝန်ပိကာ ကျောင်းသားများအား ပြန်လည်သင်ကြားနိုင်ရေးအတွက် သင်ခန်းစာများအား လေ့လာနေရသဖြင့် ကာတွန်းရေးဆွဲချိန် မရတော့ပေ။ ထိုစဉ်က (GTI)ကျောင်းအုပ်ကြီးမှာ ဦးစန်းငွေ ဖြစ်သည်။

(၃-၈-၈၉)ရက်မှ (၁၉-၁၀-၂၀၀၀)ရက်အထိ မန္တလေးစက်မှုလက်မှုသိပ္ပံမှာ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပြီး ယင်းကာလအတွင်း 'လူ့ရှင်တော်' ခေါင်းစဉ်ဖြင့် ကဗျာလေးတစ်ပုဒ်ကို အမှတ်ထင်ထင် ရေးဖွဲ့ခဲ့ပြီး နောင် ဖြနှစ်ခန့်ကြာသောအခါ မန္တလေးမြို့မှထုတ်ဝေသော 'အောင်ပင်လယ်'မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြပါရှိခဲ့လေသည်။

### လူ့ရှင်တော်

* ဟ,ထားတဲ့
သူ့ပါးစပ်ဖျားက
ရယ်သံတွေ အဖတ်လိုက် ကွာကျခဲ့။
* ဒါနဲ့များတောင်
သူ့ရင်တွင်း သမုဒ္ဒရာရဲ့
မျက်ရည်ဆိပ်ကမ်းမှာ
ဝမ်းနည်းခြင်း သင်္ဘောတွေ
မခွာရက်နိုင် ။ ။

**သွယ်အောင်**
**(အောင်ပင်လယ်မဂ္ဂဇင်း)**

လူ့ဘဝကို ပင်လယ်လှိုင်းစီးရခြင်းဖြင့် ခိုင်းနှိုင်းဆိုရသော် မွေးဖွားစဉ်ကာလမှ အသက်ရှင်နေထိုင်စဉ်အတွင်း နိမ့်ချည်၊ မြင့်ချည်ဖြင့် တရွေ့ရွေ့ လွင့်မျောနေကြရပေသည်။ ထို့အတူ ကျွန်တော့်ဘဝသည်လည်း ဘဝဇာတ်ခုံ၊ ဇာတ်လမ်းစုံဖြင့် (၂၀-၁၀-၂၀၀၀)ရက်နေ့မှ ၂၀၀၁ ဧပြီလကုန်အထိ ကျိုင်းတုံ နည်းပညာကောလိပ် (GTC) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရလေသည်။

ထိုမှတစ်ဆင့် ကျွန်တော်ဝါသနာပါရာနှင့် ကိုက်ညီသော၊ တစ်ချိန်က ကျွန်တော်ကာတွန်းရေးဆွဲပေးပို့ခဲ့ရသော နေ့စဉ်ထုတ်သတင်းစာတစ်စောင်သို့ အယ်ဒီတာဘဝဖြင့် နေထိုင်ဖြတ်သန်း ဖြစ်သည်။

ယင်းသတင်းစာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသော '**မန္တလေးနေ့စဉ်သတင်းစာ**'ပင် ဖြစ်တော့သည်။





## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပ



**ကွန်ဟိန်း ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(Community Centre) ခန်းမ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဦးဝင်းနိုင်မှ အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးခွန်ရဲထွေးက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ လူငယ်တို့၏ အိမ်မက်နှင့် လက်တွေ့ဘဝ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများမှ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

အဆိုပါပြိုင်ပွဲအား ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၉**

နိုင်ငံတော်မှ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးပေး ဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (အ.လ.က- ၃)တွင် ယမန်နေ့ နံနက် ၉နာရီခွဲက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်စသည့် အကြောင်းအရာများအား ဟောပြောခဲ့သည်။

တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

* – * – * – *

* – * – * – * – * – *

## စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**ဥတ္တရသီရိ ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်၊ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် အရည်အသွေးမြင့်မားစေရန် ရည်ရွယ်ကာ စာကြည့်တိုက်ပညာသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါရုံးစာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ယာပုံ)**

ဆက်လက်၍ သင်တန်းနည်းပြများအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုအောင်တို့က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေးလက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့်ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များနှင့် DLMS ရေးသွင်းခြင်းလုပ်ငန်းများ စသည်တို့ကို သင်တန်းသူ၊ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ကြားခဲ့သည်။

ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယခုသင်တန်းအပြင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် အထောက်အကူဖြစ်စေမည့် အခြားသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ စုံလင်

### သုံးမျိုးသောလူ

* ဤလောက ကမ္ဘာကြီးမှာ
လူသုံးမျိုးရှိတာ
ကွမ်းနဲ့တူသော ဒီလူသား
အရည်အဖတ်မျိုမရ အလကား။

* ကိုယ့်အတွက်လည်း အသုံးမဝင်
မိသားစုကို မငဲ့ကွက်ချင်
ပတ်ဝန်းကျင်အတွက် အကျိုးမများ
ဝေးဝေးက ရှောင်ရှား။

* ကြံနဲ့တူသော လူမှာကွယ်
ကိုယ့်အတွက်သာကြည့်တတ်တယ်
အရည်ကိုသာ သောက်လို့ရ
အဖတ်ကို ထွေးပစ်ကြ။

* ကိုယ်ရတာ ကိုယ်သုံးတာ
အတ္တကြီးလွန်းရှာ
ပတ်ဝန်းကျင် မိသားစု
လောကကို အကျိုးမပြု။

* မလိုင်နဲ့တူသော လူမှာကွယ်
အရည်အဖတ်ပါ အသုံးဝင်တယ်
ကိုယ်ရာတဲ့ ပိုက်ဆံများ
မိသားစုကို ထောက်ပံ့ထား။

* အများအကျိုး သယ်ပိုးကာ
လေးစားစရာ ကောင်းလှရှာ
မွန်မြတ်လှတဲ့ သူ့စိတ်ထား
စံနမူနာအဖြစ် အတုယူသွား။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**

## ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိဇယကျောင်းတိုက်၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ မဟာဝိဇယကျောင်းတိုက် တောင်တန်းနယ်ခြား သာသနာပြု ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ အရှင်မြတ် ကြွရောက်ချီးမြှင့်ပြီး မဟာဝိဇယကျောင်းတိုက် ဂေါပကအဖွဲ့၊ ယောဂီအဖွဲ့နှင့် ဓမ္မစကြာအဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဦးယဉ်မောင်ထွန်းက အခမ်းအနား အစီအစဉ်များ ဖတ်ကြားလျှောက်ထားပြီး ပရိသတ်များက ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို ယောဂီ ဒေါ်ကြည်ကြည်ကလည်းကောင်း၊ ယောဂီ ဒေါ်ခင်စန်းလွင်က မေတ္တာသက်လုံအကြောင်း၊ ယောဂီ ဒေါ်လှိုင်လှိုင်သိန်းက မေတ္တာဓာစွမ်းအားအကျိုးများပုံအကြောင်း၊ ယောဂီ ဒေါ်ခင်မာဝင်းမှ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အကြောင်းတို့ကို အသီးသီး ဖတ်ကြားလျှောက်ထားပြီး သံဃာတော်များနှင့် ပရိသတ်တို့က မေတ္တာသုတ်ဒေသနာကို သံပြိုင်ညီညာ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် မဟာဝိဇယ ဆရာတော်ကြီးအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး အနုမောဒနာတရား နာယူကြည်ညိုကြသည်။ **(ဓဲပုံ)**

အဆိုပါအခမ်းအနားတွင် ဦးတင်အောင် + ဒေါ်တိုက်မေတို့အား ရည်စူး၍ (သမီး) ဒေါ်သန်းဌေးနှင့် ညီမများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူပြီး ပရိသတ်များအား နေ့လယ်စာအာဟာရဒါန ထမင်းကုသိုလ်ပြု ကျွေးမွေးကြောင်း သိရသည်။

**(၀၅၁)**





## ဆွမ်းဆန်၊ ဆီ၊ ဆေး ဆက်ကပ်လှူဒါန်း

**မိုင်းယောင်း ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် အမှတ်(၄) ရပ်ကွက် ဟိုခုံပရိယတ္တိစာသင်တိုက်၌ ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဆွမ်းဆန်၊ ဆီ၊ ဆေး ဆက်ကပ်လှူဒါန်းပွဲ ကျင်းပသည်။

ဝါတွင်းကာလ ဝါဆိုတော်မူသော ကျောင်းတိုက် ၁၄ တိုက်မှ ရဟန်း၊ သာမဏေ ၂၂၅ ပါးတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဖြူစင်မိုင်းယောင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆေးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၅၀၅)**

## အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် ဩဂုတ် ၈ ရက် နံနက်ပိုင်းက သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူကြသည်။

**(အောက်ပုံ)**



အရုဏ်ဆွမ်းလောင်းလှူရာတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃) တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူးတင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်၊ သာမဏေ အပါး ၅၀၀ အား ဆွမ်း၊ ဆွမ်းဟင်းလျာများ ကုသိုလ်ပြု လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(၀၇၀)**

## တရုတ်နိုင်ငံကုန်သည်ကြီးများအသင်း (မန္တလေး)နှင့် တရုတ်ကုန်သည်ကြီးများအသင်း (အထက်မြန်မာပြည်)တို့က (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ တရုတ်နိုင်ငံကုန်သည်ကြီးများအသင်း(မန္တလေး) နှင့် တရုတ်ကုန်သည်ကြီးများအသင်း(အထက်မြန်မာပြည်) တို့က (၁၂)ကြိမ်မြောက် (စတုတ္ထပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၈ ရက် (ဝါခေါင်လပြည့်)နေ့ နံနက် ၆ နာရီက ကျင်းပသည်။



ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ငွေတောင်ကျောင်းတိုက်၊ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ယဉ်ပုံကျောင်းတိုက်နှင့် အကောက်ဝန်ကျောင်းတိုက်တို့မှ သံဃာတော် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

**(ဓဲပုံ) (၀၉၃)**

## မန္တလေးတက္ကသိုလ် ဓာတုဗေဒမိသားစု အငှမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၊ အလှူငွေ လှူဒါန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေးတက္ကသိုလ် ဓာတုဗေဒမိသားစု အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေး အကြို ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန AVA23 ခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတက္ကသိုလ် ဓာတုဗေဒမိသားစု နာယကပါမောက္ခ(ငြိမ်း) ဦးတင်မောင်၊ ဒေါက်တာဒေါ်မိမိသင်းနှင့် ဆရာကြီး၊ ဆရာမကြီးများ၊ ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများက အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အကြံပြုဆွေးနွေးကြသည်။ ထို့နောက် အငှမအကြိမ် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲအတွက် ကျောင်းသားဟောင်း ဦးစိုးလွင်က ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က လက်ခံရယူကြသည်။ **(အောက်ပုံ)**

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့တွင် မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် ကျင်းပမည်ဖြစ်ပြီး ဓာတုဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြမည် ဖြစ်သည်။

မန္တလေးတက္ကသိုလ် ဓာတုဗေဒမိသားစု အသက် ၆၅ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၁၃၅ ဦးအား ပူဇော်ကန်တော့ပွဲကိုလည်း အောက်တိုဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြစေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ညောင်ဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြင်းကပါကျေးရွာရှိ ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် မြစေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ဆွမ်းသပိတ်လောင်းလှူပူဇော်ပွဲ ကျင်းပခဲ့သည်။

မြစေတီဗုဒ္ဓပူဇနီယပွဲတော်အား ဘုရားရင်ပြင်တော်ပေါ်၌ ပင့်သံဃာတော် ၅၉ ပါးတို့အား ဆွမ်းသပိတ်လုံးလောင်းလှူကြရာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးမှူး ဦးနေလင်းသိန်း၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများက ဆွမ်းသပိတ်လုံးတို့အား စာရေးတံမဲ ပြုလုပ်၍ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**



❖ ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို...

❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ (A)နှင့် ရေကူးကန်ပြုပြင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား/ အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီး ကွင်းသွင်းခြင်းခတ်အားကစားသမားများ(ယာပုံ) ၏ အဖွဲ့လိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အားကစားသမားများကို ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ Max Myanmar Construction Co., Ltd. မှ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ လေ့ကျင့်ရေးရေကူးကန် ကြမ်းခင်းကျွံကျနေမှု၊ ရေသန့်စင်ရန်အတွက် ကလိုရင်း(Chlorine)ကန်နှင့် ရေပိုက်လိုင်းများ ပြုပြင်သန့်စင်နေမှုနှင့် အုတ်နံရံအတွင်း/အပြင် ပြိုကျနေမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန်အတွက် ရေကူးကန်ပြုပြင်မှုကို ဦးစားပေးဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဦးစားပေးဆောင်ရွက်ရန်နှင့် အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်စံချိန်/ စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီပြီး အမြန်ဆုံး တည်ဆောက်ပြီးစီးစေရေးတို့အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ရုံးဝင်းအတွင်း ဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အိပ်ခန်းတစ်ခန်းပါ Container House များနှင့် ယာယီနေထိုင်သည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နေသည့် နေရာများသို့ သွားရောက်တွေ့ဆုံပြီး လျှပ်စစ်မီးများ စနစ်တကျသုံးစွဲကြရန်၊ အိပ်ဆောင်ဘေးပတ်ဝန်းကျင်များကို အပတ်စဉ်သန့်ရှင်းရေးဆောင်ရွက်ကြရန်၊ အမှိုက်များသတ်မှတ်နေရာတွင်သာ စွန့်ပစ်ကြရန်၊ အိပ်ဆောင်များတွင် အဆောင်တာဝန်ခံများထားပြီး စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးတို့ကို ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လာအိုကလပ် EZRA အသင်းကို အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်း

အာဆီယံကလပ်ချန်ပီယံရှစ် (Shopee Cup 2025-2026) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် EZRA အသင်းတို့သည် ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၊ ချောင်ဘူရီကွင်းတွင် ကစားခဲ့ကြရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် Rintaro က သွင်းယူပေးခဲ့ပြီး အနိုင်သေချာစေမည့် ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက ပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းသည် EZRA အသင်းကို အနိုင်ရခဲ့သည့်အတွက် အုပ်စုအဆင့်သို့တက်ရန် အလားအလာကောင်းခဲ့ပြီး လာမည့် ဩဂုတ် ၁၅ ရက်၊ သုဝဏ္ဏကွင်းတွင် EZRA အသင်းနှင့် ဒုတိယအကျော့အဖြစ် ထပ်မံကစားရမည် ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့် ဩဂုတ် ၁၅ ရက်တွင် ထပ်မံရလဒ်ကောင်းပါက ခြေစစ်ပွဲမှ အုပ်စုအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ပြီး အုပ်စု(B)တွင် ထိုင်းကလပ် ဘန်ကောက်ယူနိုက်တက်၊ မလေးရှားကလပ် ဂျိုဟိုးဒါရူလ်းတာ၊ ဗီယက်နမ်ကလပ် နမ်ဒင်းအက်ဖ်စီ၊ စင်ကာပူကလပ် လိုင်းယွန်းစီးတီးဆေလ်လာ၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့နှင့် တွေ့ဆုံနေသည်။

(NGB)

## မြန်မာအမျိုးသမီးအသင်း နှစ်သင်းစလုံး အုပ်စုပွဲစဉ်များ ယနေ့ ညနေ ၄ နာရီတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားမည်

**ရန်ကုန် ဩဂုတ် ၉**

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၀ ရက် (ယနေ့)ညနေ ၄နာရီတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ၂၀၂၆ အေအက်ဖ်စီ အာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (ဃ)ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိထားသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ် တစ်ပွဲကစားအပြီးတွင် တစ်ပွဲအနိုင်ရရှိထားကာ ရမှတ် သုံးမှတ်ရရှိထားသည်။

၂၀၂၆ အေအက်ဖ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(ဃ)တွင် ပါဝင်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိန္ဒိယအသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းကြီးတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)တွင် ပါဝင်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တီမောအသင်းနှင့် ဗီယက်နမ်နိုင်ငံ၊ Viet Tri Stadium ကွင်းကြီးတွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)

